UNDP

# ဆင်းရဲနွမ်းပါးမှု ဓာတ်မြစ်အလွှာများ

## မြန်မာနိုင်ငံရှိ ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှု

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ

# အစီရင်ခံစာ အနှစ်ချုပ်

မြန်မာ့လူမှုစီးပွားအခင်းအကျင်းသည် ကာလရှည်ကြာနေပြီဖြစ်သော ပဋိပက္ခများ၊ တိုင်းပြည်စီးပွားရေးမတည်ငြိမ်မှုများ၊ ထပ်တလဲလဲ ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များ နှင့် ၂၀၂၅ ခုနှစ် မတ်လတွင် လှုပ်ခတ်ခဲ့သော ငလျင်၏ ထပ်ဆောင်းသက်ရောက်မှုများအပါအဝင် ဖိအားများစွာကို ရင်ဆိုင်နေရပါသည်။ ဤကဲ့သို့သော အခြေအနေများကြားတွင် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှု မတည်ငြိမ်ခြင်း၊ ဈေးကွက်များ အပိုင်းပိုင်းကွဲပြားလာခြင်း နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်လာခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှုအား သမားရိုးကျ ငွေကြေးအခြေပြုစနစ်ဖြင့် တိကျစွာ ခန့်မှန်းရန်မှာ ပိုမိုခက်ခဲလာပါသည်။ တစ်ချိန်တည်းတွင်ပင် အကျပ်အတည်းများက အိမ်ထောင်စုများ၏ လူနေမှုဘဝအပေါ် မည်သို့ သက်ရောက်နေသည်ကို ၎င်းတို့၏ ဝင်ငွေတစ်ခုတည်းကိုသာ ကြည့်ပြီးဆုံးဖြတ်ရန်မှာ ခက်ခဲလာပြီး ထိုအခြေအနေသည် ဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံများ နှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိနိုင်မှု ကျဆင်းလာသည့် နေရာများတွင် ပိုမိုထင်ရှားပါသည်။

**ငွေကြေးအခြေပြု ဆင်းရဲနွမ်းပါးမှု (Monetary Poverty) သည် အိမ်ထောင်စုများအနေဖြင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုံလောက်သော ဝင်ငွေ (သို့မဟုတ်) သုံးစွဲနိုင်မှု ရှိ/မရှိကို တိုင်းတာခြင်းဖြစ်ပါသည်။ ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှု (Multidimensional Poverty) ကမူ ပညာရေး၊ ကျန်းမာရေး နှင့် လူနေမှုအဆင့်အတန်းတို့တွင် တစ်ပြိုင်နက်တည်း ကြုံတွေ့နေရသော ချို့တဲ့မှုများကို ဖော်ပြပါသည်။** မြန်မာနိုင်ငံကဲ့သို့ အကျပ်အတည်းများ ကြုံတွေ့နေရသည့် အခြေအနေတွင် ယင်းကဏ္ဍများသည် အမြဲတမ်း တစ်ပြိုင်နက်တည်း တိုးတက်ခြင်း သို့မဟုတ် ဆုတ်ယုတ်ခြင်း မရှိနိုင်ပါ။ အချို့အိမ်ထောင်စုများသည် ဝင်ငွေရရှိနေမှုကို ထိန်းထားနိုင်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ သင့်လျော်သော နေအိမ် (သို့မဟုတ်) အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်မှုကို ဆုံးရှုံးလျက်ရှိနေပါသည်။ ယခုအစီရင်ခံစာသည် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း (People’s Pulse Survey – PPS 2025) တွင် ကောက်ယူခဲ့သော နိုင်ငံအဝှမ်းအိမ်ထောင်စုအချက်အလက်များကို အသုံးပြု၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ထားသည့် ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုညွှန်းကိန်း (Multidimensional Poverty Index – MPI) ကို အသုံးချဆန်းစစ်ထားပြီး ထိုစနစ်သည် ငွေကြေးအခြေပြု ဆင်းရဲနွမ်းပါးမှုတွက်ချက်မှုများကို ဖြည့်စွက်ပေးလျက်ရှိပါသည်။ ဤဆန်းစစ်ချက်မည်သည့်နေရာများတွင် ချို့တဲ့မှုများ အများဆုံး စုဝေးနေသည်၊ အိမ်ထောင်စုများ၏ မူလအားနည်းချက်များ နှင့် ဒေသအခြေအနေဆိုင်ရာ ဖိအားများ အပြန်အလှန် သက်ရောက်ကာ ဆင်းရဲနွမ်းပါးမှုကို မည်သို့ပုံဖော်နေသည် နှင့် မည်သည့် လူဦးရေအုပ်စုများတွင် ဆင်းရဲနွမ်းပါးမှုအန္တရာယ်ပိုမိုမြင့်မားနေသည်ကို လေ့လာဖော်ထုတ်ထားပါသည်။ ယင်းတွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိအကျပ်အတည်းအတွင်း ဆင်းရဲနွမ်းပါးမှုကို ပိုမိုပြည့်စုံစွာ နားလည်နိုင်ရန် နှင့် အခြေအနေအလိုက် ပိုမိုသင့်လျော်သော တုံ့ပြန်ဆောင်ရွက်မှုများ ချမှတ်နိုင်ရန်အတွက် အချိန်နှင့်တပြေးညီသော အချက်အလက်အထောက်အထားများကို ပံ့ပိုးပေးပါသည်။

**ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုသည် ကျယ်ပြန့်ပြီး နက်ရှိုင်းစွာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံရှိ လူသုံးဦးလျှင် တစ်ဦးနီးပါး (သို့မဟုတ်) ခန့်မှန်းအားဖြင့် လူဦးရေ (၁၇.၉) သန်းခန့်သည် ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုကို ရင်ဆိုင်နေရပါသည်။** ထို့အပြင် နောက်ထပ်လူဦးရေ (၁၉.၅) သန်းခန့်သည်လည်း ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုအတွင်း ကျရောက်နိုင်ခြေရှိနေပါသည်။ ထိုကိန်းဂဏန်းနှစ်ခုကို ပေါင်းလိုက်ပါက ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုအား လက်ရှိရင်ဆိုင်နေရသူများနှင့် ထိုအန္တရာယ်သက်ရောက်နိုင်ခြေရှိသူဦးရေမှာ စုစုပေါင်း လူဦးရေ၏ သုံးပုံနှစ်ပုံခန့် (သို့မဟုတ်) (၃၇.၅) သန်းခန့်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေမလုံလောက်မှုတစ်ခုတည်းကြောင့် မဟုတ်ဘဲ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းနှင့် ပညာရေးတို့တွင် တစ်ပြိုင်နက်တည်း ရှိနေသော ချို့တဲ့မှုများနှင့် ဆက်နွယ်နေပါသည်။ ထို့ကြောင့် ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုကို ဖြေရှင်းရာတွင် ဝင်ငွေတည်ငြိမ်မှုကို တိုးတက်စေခြင်းနှင့်အတူ အိမ်ထောင်စုများ၏ အရင်းအမြစ်များ၊ အခွင့်အလမ်းများနှင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းတို့ကိုပါ အားကောင်းစေရန် လိုအပ်ပါသည်။

**ဆင်းရဲနွမ်းပါးမှု၏ ပုံစံများသည် နေရာဒေသကိုလိုက်၍ ကွဲပြားနေသဖြင့် ပြင်းထန်မှုနှင့် အတိုင်းအတာနှစ်ရပ်လုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။** ကယား နှင့် ရခိုင်ကဲ့သို့ လုံခြုံရေးမတည်ငြိမ်မှုနှင့် သွားလာမှုကန့်သတ်ချက်များ ပိုမိုပြင်းထန်သည့် ပြည်နယ်များတွင် ဆင်းရဲနွမ်းပါးမှုသည် အလွန်ပြင်းထန်ပြီး ဆင်းရဲနွမ်းပါးသူအချိုး မြင့်မားသည့်အပြင် ချို့တဲ့မှုလည်း ပိုမိုနက်ရှိုင်းပါသည်။ တစ်ချိန်တည်းမှာပင် ဘက်ပေါင်းစုံဆင်းရဲနွမ်းပါးမှုညွှန်းကိန်း (multidimensional poverty index – MPI) အရ ဆင်းရဲနွမ်းပါးလျက်ရှိသော အိမ်ထောင်စုအများစုမှာ လူဦးရေထူထပ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများဖြစ်သော ဧရာဝတီ၊ စစ်ကိုင်း၊ မန္တလေးနှင့် ရှမ်းတို့တွင် စုဝေးတည်ရှိလျက်ရှိပါသည်။ ထို့ကြောင့် အလွန်အမင်း ထိခိုက်ခံစားနေရသည့် ဒေသများတွင် ချို့တဲ့မှု၏ နက်ရှိုင်းမှုအား လျှော့ချပြီး လူဦးရေများပြားသည့် ဒေသများတွင် ဆင်းရဲနွမ်းပါးမှု၏ ကျယ်ပြန့်မှု အတိုင်းအတာကို ဖြေရှင်းခြင်းတို့ဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်မှုတို့သည် ဘက်ပေါင်းစုံဆင်းရဲနွမ်းပါးမှုကို ထိရောက်စွာ တုံ့ပြန်ဖြေရှင်းခြင်းပင် ဖြစ်ပါသည်။

**အိမ်ထောင်စုများ၏ ရှိရင်းစွဲအားနည်းချက်များနှင့် ဒေသအခြေအနေဆိုင်ရာ ဖိအားများသည် မြန်မာနိုင်ငံတစ်ဝန်းတွင် မတူညီသော ဆင်းရဲနွမ်းပါးမှုပုံစံများကို ဖြစ်ပေါ်စေပါသည်။** ပညာအရည်အချင်း နိမ့်ပါးခြင်း၊ အလုပ်အကိုင်မတည်ငြိမ်ခြင်း နှင့် ဝင်ငွေရရှိမှုအခြေအနေ အားနည်းခြင်းတို့ကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာ ရှိရင်းစွဲအချင်းအရာများသည် ပဋိပက္ခ၊ နေရပ်စွန့်ခွာရခြင်း၊ စီးပွားရေးဈေးကွက်ပြတ်တောက်ခြင်း နှင့် ဝန်ဆောင်မှုစနစ်များ ကစဉ့်ကလျားဖြစ်လာခြင်းတို့ကဲ့သို့သော ဒေသအခြေအနေဆိုင်ရာ ဖိအားများနှင့် အပြန်အလှန် သက်ရောက်နေပါသည်။ အချို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင်းရဲနွမ်းပါးမှုသည် ကာလရှည်ကြာ တည်ရှိနေသော အိမ်ထောင်စုဆိုင်ရာ ရှိရင်းစွဲအားနည်းချက်များကြောင့် အဓိက ဖြစ်ရခြင်းဖြစ်ပါသည်။ အခြားဒေသများ အထူးသဖြင့် ပဋိပက္ခဒဏ်ခံရသည့် နေရာများတွင်မူ ဒေသအခြေအနေဆိုင်ရာ ဖိအားများကြောင့် ဆင်းရဲနွမ်းပါးမှုနှုန်းမှာ အိမ်ထောင်စု၏ ရှိရင်းစွဲအားနည်းချက်များအပေါ်သာအခြေခံ၍ ခန့်မှန်းနိုင်သည့်အဆင့်ထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရသည်။ ယင်းကွာခြားမှုများအရ ဒေသအခြေအနေဖြစ်ရပ်တို့က ဆင်းရဲနွမ်းပါးမှုကို အဓိကသက်ရောက်နေသည့် နေရာများတွင် ဒေသအခြေအနေနှင့်ကိုက်ညီသော ဆင်းရဲနွမ်းပါးမှုကို ဖြေရှင်းသည့် နည်းလမ်းများကို အသုံးပြုရန် လိုအပ်ပြီး၊ အိမ်ထောင်စုဆိုင်ရာ အားနည်းချက်များကို အဓိကခံစားနေရသည့်နေရာများတွင်မူ အိမ်ထောင်စုအဆင့် အားနည်းချက်များကို အဓိကဖြေရှင်းသည့် ဆောင်ရွက်ချက်များကို ဦးစားပေးရန် လိုအပ်ကြောင်းတွေ့ရပါသည်။

**ထပ်တလဲလဲ ဖြစ်ပေါ်နေသော ရိုက်ခတ်မှုများသည် ချို့တဲ့မှုကို ပိုမိုဆိုးရွားစေပြီး အိမ်ထောင်စုများ၏ ခံနိုင်ရည်ကို လျော့နည်းစေပါသည်။** နိုင်ငံတစ်ဝန်း အိမ်ထောင်စုထက်ဝက်ကျော်သည် စီးပွားရေးဆိုင်ရာ ရိုက်ခတ်မှုများကို ရင်ဆိုင်နေရပြီး၊ အိမ်ထောင်စု ငါးစုလျှင် တစ်စုခန့်သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရိုက်ခတ်မှုများကို ကြုံတွေ့နေရပါသည်။ ပဋိပက္ခဆိုင်ရာ ရိုက်ခတ်မှုများသည် နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေခြင်းမရှိသော်လည်း ပဋိပက္ခဒဏ် ရင်ဆိုင်နေရသည့်ဒေသများသည် အမြင့်ဆုံးသော ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုအဆင့်များကို ရင်ဆိုင်နေကြရပါသည်။ ရိုက်ခတ်မှုဒဏ်များစုပြုံလာသည်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း အားနည်းသည့် အိမ်ထောင်စုများသည် ကျန်းမာရေးအခြေအနေ ဆိုးရွားလာခြင်း၊ ဝန်ဆောင်မှုများ ရရှိနိုင်မှု လျော့နည်းလာခြင်း နှင့် လူနေမှုအခြေအနေများ ပိုမိုကျဆင်းလာခြင်းတို့ကို ရင်ဆိုင်ရကာ ချို့တဲ့မှု သံသရာကို ဆတိုးပြင်းထန်စေပါသည်။

**ဆင်းရဲနွမ်းပါးမှုအန္တရာယ်သည် လူမှုစီးပွားအုပ်စုအချို့တွင် ပိုမိုမြင့်မားနေပါသည်။** ဝင်ငွေအနိမ့်ဆုံး အုပ်စုများရှိ အိမ်ထောင်စုများ၊ နေ့စားနှင့်ယာယီအလုပ်အကိုင်များကို မှီခိုရသည့် အိမ်ထောင်စုများ နှင့် ပညာအရည်အချင်းအကန့်အသတ်ဖြင့်သာရှိသည့် အိမ်ထောင်ဦးစီးရှိသော အိမ်ထောင်စုများတွင် ဘက်ပေါင်းစုံဆင်းရဲနွမ်းပါးမှုအဆင့် အမြင့်ဆုံးကို တွေ့ရပါသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စုများ နှင့် ထိခိုက်လွယ်သော မြို့ပြနေ လူဦးရေအုပ်စုများတွင်လည်း နေထိုင်ရာ မတည်ငြိမ်မှု၊ သမာရိုးကျမဟုတ်သော အလုပ်အကိုင်များနှင့် အခြေခံဝန်ဆောင်မှုများ ရရှိနိုင်မှု အကန့်အသတ်များကြောင့် ဆင်းရဲနွမ်းပါးမှုအန္တရာယ် ပိုမိုမြင့်မားနေပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုဖြေရှင်းရေးအား ထိရောက်စွာပစ်မှတ်ထား ဆောင်ရွက်ရန် ယင်းအုပ်စုတစ်ခုချင်းစီ ရင်ဆိုင်နေရသည့် ကွဲပြားသော အားနည်းချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

**ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေသော ချို့တဲ့မှုအမျိုးအစားများသည် ဒေသဆိုင်ရာအခြေအနေအလိုက် ကွဲပြားနေပြီး၊ ယင်းအခြေအနေသည် ဆင်းရဲနွမ်းပါးမှုအား ဖြေရှင်းရာတွင် မည်သည့်ကဏ္ဍကို ဦးစားပေးဆောင်ရွက်သင့်သည်ကို ပြသပေးပါသည်။** လူနေမှုအဆင့်အတန်းနှင့် ကျန်းမာရေးကဏ္ဍများသည် နိုင်ငံအဆင့် ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှုအခြေအနေကို အဓိက ပုံဖော်ပေးနေသော်လည်း၊ ထိုကဲ့သို့ ဆင်းရဲနွမ်းပါးမှုကိုဖြစ်ပေါ်စေသော အကြောင်းအရင်းများမှာ ဒေသတစ်ခုနှင့်တစ်ခု၏ အခြေအနေပေါ်မူတည်ပြီး ကွဲပြားပါသည်။ အခြေခံရှင်သန်ရပ်တည်မှုဆိုင်ရာချို့တဲ့မှုများ အဓိကဖြစ်နေသည့် ရခိုင်၊ ကယား၊ ချင်း၊ ကချင်နှင့် ဧရာဝတီတို့တွင် ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းတို့က ဘက်ပေါင်းစုံ ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်းကို အများဆုံးပုံဖော်ပေးလျက်ရှိပြီး ပညာရေးအခြေအနေ၏ သက်ရောက်မှုမှာမူ နည်းပါးလျက် ရှိပါသည်။ စစ်ကိုင်း၊ မွန်၊ မန္တလေး နှင့် နေပြည်တော်တို့တွင်မူ ပညာရေးအခြေအနေ၏ သက်ရောက်မှုအချိုးအစားမှာ ပိုမိုမြင့်မားလာပြီး အခြေခံရှင်သန်ရပ်တည်မှုဆိုင်ရာ ချို့တဲ့မှုများမှ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အားနည်းချက်များဘက်သို့ ပိုမိုရွေ့လျားလာနေကြောင်း ပြသနေပါသည်။ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ ယင်းပုံစံနှစ်မျိုးအကြားတွင် ရှိနေပါသည်။ ဝင်ငွေအဆင့်အလိုက် ဆန်းစစ်ချက်တွင်လည်း ဝင်ငွေအနိမ့်ဆုံး အုပ်စုနှစ်ခု၏ ချို့တဲ့မှုဖွဲ့စည်းပုံမှာ အလွန်ဆင်တူနေသဖြင့် ဖွဲ့စည်းပုံဆိုင်ရာ ချို့တဲ့မှုထောင်ချောက်တစ်ရပ် ရှိနေကြောင်း ဖော်ပြပါသည်။ ဆိုလိုသည်မှာ ဝင်ငွေအနည်းငယ် တိုးတက်လာရုံဖြင့် အခြေခံချို့တဲ့မှု ပုံစံကို ပြောင်းလဲရန် မလုံလောက်နိုင်ပါ။

**ဤတွေ့ရှိချက်များအရ မဟာဗျူဟာဆိုင်ရာ ဦးတည်ချက် လေးရပ်ကို အဓိက ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။** ပထမအချက်အနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းအား ဒေသအလိုက် တုံ့ပြန်ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးမှု အလွန်ပြင်းထန်သည့် နေရာများ နှင့် ဆင်းရဲနွမ်းပါးသူ အရေအတွက် များပြားသည့် နေရာများကြား ဟန်ချက်ညီစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဒေသ အခြေအနေဆိုင်ရာ ဖိအားများကြောင့် ခန့်မှန်းထားသည်ထက် ဆင်းရဲနွမ်းပါးမှု သိသိသာသာ မြင့်မားနေသည့် နေရာများတွင် ချို့တဲ့မှု၏ အနက်အရှိုင်းကို လျှော့ချရေးကို ဦးစားပေးရမည်ဖြစ်ပြီး၊ လူဦးရေများပြားသည့် ဒေသများတွင်မူ ဆင်းရဲနွမ်းပါးသူ အရေအတွက် များပြားမှုကို ကိုင်တွယ်နိုင်ရန် ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်သည့် ဆောင်ရွက်ချက်များ လိုအပ်ပါသည်။ ဒုတိယအချက်အနေဖြင့် အစီအစဉ်များ ရေးဆွဲရာတွင် ဒေသအခြေအနေဆိုင်ရာ ဖိအားများ အဓိကသက်ရောက်နေသည့် နေရာများ နှင့် အိမ်ထောင်စုဆိုင်ရာ အားနည်းချက်များ အဓိကဖြစ်နေသည့် နေရာများကို ခွဲခြား စဉ်းစားရန် လိုအပ်ပါသည်။ ဒေသအခြေအနေက အဓိကသက်ရောက်နေသည့် နေရာများတွင် ဈေးကွက်များ၊ ဝန်ဆောင်မှုများနှင့် ဘေးကင်းစွာ သွားလာနိုင်မှုကို ပြန်လည်ကောင်းမွန်စေရန် ဒေသအခြေပြု ဆောင်ရွက်ချက်များကို ဦးစားပေးသင့်ပါသည်။ အိမ်ထောင်စုဆိုင်ရာ အားနည်းချက်များ အဓိကဖြစ်နေသည့် နေရာများတွင်မူ ပညာရေး၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍများတွင် အိမ်ထောင်စုအဆင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ မြို့ပြ ဒေသများတွင် လက်ရှိဆင်းရဲနွမ်းပါးမှုအဖြစ် မပေါ်လွင်သေးသော်လည်း ချို့တဲ့မှုအန္တရာယ်မြင့်မား နေသည့် အိမ်ထောင်စုများအတွက် ဆင်းရဲနွမ်းပါးမှုအတွင်း မကျရောက်မီ ခံနိုင်ရည်မြှင့်တင်ပေး သည့် အစီအစဉ်များ ဆောင်ရွက်ရန် လိုအပ်ပါသည်။ တတိယအချက်အနေဖြင့် ထပ်တလဲလဲနှင့် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာသော ရိုက်ခတ်မှုများကို ခံနိုင်ရည်မြှင့်တင်ပေးခြင်းသည် ပိုမိုနက်ရှိုင်း ပြီး ကာလရှည် ဆင်းရဲနွမ်းပါးမှုသို့ ကျရောက်ခြင်းမှ တားဆီးရာတွင် အရေးကြီးလှပါသည်။ ထို့ အပြင် စီးပွားရေး၊ ပဋိပက္ခ၊ သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ရိုက်ခတ်မှုတစ်မျိုးချင်း စီသည် ဆင်းရဲနွမ်းပါးမှုကို မတူညီသည့် လမ်းကြောင်းများမှတစ်ဆင့် ပိုမိုဆိုးရွားစေသဖြင့် ယင်းနှင့် ကိုက်ညီသော တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ နောက်ဆုံးအချက်အနေဖြင့် ချို့တဲ့မှု၏ ဖွဲ့စည်းပုံသည် ဆင်းရဲနွမ်းပါးမှုအဆင့်နှင့် တန်းတူအရေးကြီးပါသည်။ အခြေခံရှင်သန် ရပ်တည်မှုဆိုင်ရာ ချို့တဲ့မှုများ အဓိကဖြစ်နေသည့် နေရာများတွင် ဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အအုံများ ပြန်လည်ကောင်းမွန်စေရေးသည် အဓိက ဦးစားပေးဖြစ်ပါသည်။ ပညာရေး ချို့တဲ့မှု အချိုးအစား ပိုမိုမြင့်မားသည့် နေရာများတွင် လူ့စွမ်းအားအရင်းအမြစ် ရင်းနှီးမြှုပ်နှံမှုက ပိုမို ထိရောက်နိုင်ပါသည်။ ယင်းပုံစံနှစ်မျိုးအကြားတွင် ရှိနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မူ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးနှင့် စီးပွားရေး ခံနိုင်ရည်မြှင့်တင်ရေးတို့က အထူး အရေးပါပါသည်။ အကြောင်းမှာ ဝင်ငွေတိုးလာခြင်းသည် ချို့တဲ့မှု၏ အခြေခံဖွဲ့စည်းပုံကို မပြောင်းလဲ စေသော်လည်း ချို့တဲ့မှု၏ နက်ရှိုင်းမှုကို လျှော့ချပေးနိုင်သောကြောင့် ဖြစ်ပါသည်။

U N
D P